## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 11 , 2025 Volume 88 , Number 7


၁၁.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၅၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၇.၄၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၄.၀၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၀.၁၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


# ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲကျင်းပမည်




ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲအား ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့်ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ (၄ )တွင် ၄-၃-၂၀၂၅ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

MSME ဒေသတွင်း ထုတ်ကုန်ပြပွဲပြိုင်ပွဲများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဇဟုသုတများဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု စသည့် အကျိုးများစွာရှိသည့် ပြပွဲ၊ ပြိုင်ပွဲတစ်ခုဖြစ်သည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ မြင့်မားရေးဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကို အခြေခံ၍ MSME လုပ်ငန်းများ ဆောင်ရွက်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကိုလျှော့ချရေးနှင့်အစားထိုးနိုင်ရေးဆောင်ရွက်ရန်၊ပြည်တွင်းစီးပွားရေးကောင်းမွန်စေရေးနှင့် အလုပ်အကိုင်ပေါ်များစေရေးစသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြခန်းများအနေဖြင့် ဝန်ကြီးဌာနပြခန်းများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ပြခန်းများ၊ တိုင်းရင်းဆေးပြခန်းများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်ပစ္စည်းများ၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ၊

စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံထုတ်ကုန်များ၊ပြည်ပပို့ကုန်ပစ္စည်းများ၊ထုတ်ကုန်အမည်သစ်များ၊ Digital ဝန်ဆောင်မှုထုတ်ကုန်များ၊ OROP ထုတ်ကုန်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် MSME ထုတ်ကုန်များ၊ ဒေသရိုးရာအစားအစာရောင်းချဆိုင်များ၊ ဆီကုန်သည်များအသင်း၊ ဆီစက်ပိုင်ရှင်များအသင်းစသည့် အသင်းအဖွဲ့များမှ ပြခန်းများနှင့်ဈေးအရောင်းဆိုင်များ ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ထုတ်ကုန်အမည်သစ်ဆု၊ ဒီဂျစ်တယ်ဝန်ဆောင်မှုဆု၊ တီထွင်ဆန်းသစ်မှုဆုအကောင်းဆုံးပြခန်းဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး MSME ဆုစသည်ဖြင့်၊ ဆုအမျိုးအစား (၅)မျိုးအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုဖြင့် စုစုပေါင်း ၁၅ ဆုချီးမြှင့်မည်ဖြစ်ပြီး စတိတ်ရှိုးဖျော်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Source : https://www.popularmyanmar.com/

## နေကြာ(ဆောင်း)ရိတ်သိမ်းမှုနှင့်ဈေးနှုန်းအခြေအနေ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံကိုလည်း တောင်သူများသီးထပ်သီးညှပ်စိုက်ပျိုးသည့်အပြင်သီးသန့်စိုက်ပျိုးကြသည်။

၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် နေကြာ(ဆောင်း)ကို ကျောက်ဆည်မြို့နယ်တွင် ၁၀,၂၇၄ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၂,၁၃၈ ဧက၊မြစ်သားမြို့နယ်တွင် ၅၆၂၇ ဧက၊ စုစုပေါင်း၂၈,၀၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ၄၈၇၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၄၀၂၀ ဧက၊ မြစ်သားမြို့နယ်တွင် ၃၃၇၅ ဧက၊ စုစုပေါင်း ၁၂,၂၇၁ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏စာရင်းများအရ သိရသည်။

နေကြာ(ဆောင်း)စိုက်ပျိုးမှု ၁ ဧကကုန်ကျစရိတ်အနေဖြင့်မျိုး၊ သွင်းအားစု၊လုပ်သားခအပါအဝင် စုစုပေါင်း ၃၀၀,၀၀၀ ကျပ်ကုန်ကြကြောင်း၊ ယခုအချိန်တွင် နေကြာ(ဆောင်း)များ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်ကြောင်း၊ (၁)ဧက အထွက်နှုန်းအနေဖြင့် ၂၀-၂၅တင်းခန့်ထွက်ရှိကြောင်း၊နေကြာဈေးနှုန်းများအနေဖြင့်ယခင်နှစ်နေကြာတစ်တင်းလျှင် ၃၈,၀၀၀ ကျပ်နေကြာဆီ တစ်ပိဿာလျှင် ၁၁,၀၀၀ ကျပ်ရှိပြီး ယခုနှစ်တွင် နေကြာတစ်တင်းလျှင် ၅၀,၀၀၀ ကျပ်၊နေကြာဆီတစ်ပိဿာလျှင် ၁၇,၀၀၀ကျပ် ဈေးနှုန်းများဖြင့်ရောင်းဝယ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် နေကြာ(ဆောင်း)များ ရိတ်သိမ်းနေပြီဖြစ်သည် ။ တောင်သူများမှ နေကြာများကို မြို့ပေါ်ရှိ ပွဲရုံများသို့ သွားရောက်ရောင်းချကြကြောင်း၊ ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ၁ ဧကအကျိုးအမြတ်အနေဖြင့် ၇၀၀,၀၀၀ ကျပ် ဝန်းကျင်ခန့်မြတ်ကြောင်း၊ နေကြာသီးနှံသည် သက်တမ်းတိုမျိုး ဖြစ်ပြီးကုန်ကျစရိတ်သက်သာ၍ မိသားစုအတွက်လည်းစားသုံးဆီဖူလုံမှုရရှိသဖြင့်တောင်သူများသီးထပ်သီးညှပ်အပြင် နေကြာသီးသန့်အနေဖြင့် အများအပြားစိုက်ပျိုးသင့်သော စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Souce : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃-၃-၂၀၂၅ မှ ၇-၃-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၀၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၃၀၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၀၂၅,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ် အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၄၃,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop)ကျပ် ၄၈,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop )ကျပ် ၈,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့မတ်ပဲကွန်တိန်နာ၁၆၅ လုံး (တန်ချိန် ၃၉၆၀)နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/ RC (2024 Crop) ကွန်တိန်နာ ၁၁၀ လုံး (တန်ချိန် ၂၆၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop)ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀)လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန်၁၃၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၆,၀၀၀၊ မြားနီ ကျပ် ၆,၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၃,၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၅,၀၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲရှောက် (သစ်) AC ကျပ် ၃၀၀၀၊ မြားနီ ကျပ် ၂၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၂,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ကျန်ရှောက်သီးများဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည် အိတ်ပေါင်း ၉၅၀၀ (၁၉၀,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၉၀၀ (၁၃,၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည်အိတ်ပေါင်း ၈၇၀၀ (၁၇၄,၀၀၀ ပိဿာ) နှင့် ရှောက်ပုအိတ်ပေါင်း ၇၀၀ (၁၀,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည်အိတ်ပေါင်း ၈၀၀ (၁၆,၀၀၀ ပိဿာ) နှင့်ရှောက်ပုအိတ်ပေါင်း ၂၀၀ (၃,၀၀၀ ပိဿာ) လျော့နည်းဝင် ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၈၀၀၊ မန်ကျည်းအသား(သစ်)ကျပ် ၈၀၀၀ နှင့်မန်ကျည်းသီး(ရမည်းသင်းဒါးဇင်း) ကျပ် ၅၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၇၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၁၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၅၄၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒိုး) ကျပ် ၁၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၀၀ နှင့် ကြံသကာ ကျပ် ၄၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုး အစားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃-၃-၂၀၂၅ မှ ၇-၃-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၆၀၀ ၊ဆိပ်ဖြူလတ်ကြီး ကျပ် ၂၅၀၀၊ဆိပ်ဖြူလတ်သန့် ကျပ် ၂၄၀၀၊ ဆိပ်ဖြူလတ်ချောကျပ် ၁၆၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၂၈၀၀၊ မြစ်သားလတ်ကြီးကျပ် ၂၉၀၀၊ မြစ်သားလတ်သန့်ကျပ် ၂၈၀၀ နှင့်မြစ်သားလတ်ချော ကျပ် ၂၁၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၊ ဆိပ်ဖြူ လတ်သန့် ကျပ် ၁၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ ၊မြစ်သားသစ်ရှယ် ကျပ် ၁၀၀၊ မြစ်သားလတ်ကြီး ကျပ် ၁၀၀ မြစ်သားလတ်သန့် ကျပ် ၂၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၆၅ စီး (၉၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခု

အပတ်တွင် ကားစီးရေ ၂ဝ၅ စီး (၁,၂၃ဝ,ဝဝဝ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄ဝ စီး (၂၄,ဝဝဝ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ)ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁၅ဝဝ၊ အောင်ပန်း ထူး-၂ ကျပ် ၇၅ဝဝ၊ အောင်ပန်းထူး-၃ ကျပ် ၈၅ဝဝ၊ အောင်ပန်းထူး-၄ ကျပ် ၉၅ဝဝ နှင့် အောင်ပန်းထူး-၅ ကျပ် ၁ဝ၅ဝဝ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၁၅ဝဝ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း ထူး-၂ ကျပ် ၁ဝဝဝ၊ အောင်ပန်းထူး-၃ ကျပ် ၁၅ဝဝ၊ အောင်ပန်းထူး-၄ ကျပ် ၂ဝဝဝ နှင့် အောင်ပန်းထူး- ကျပ် ၂၅ဝဝ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၂၈ဝဝ (၈၄,ဝဝဝ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကြက်သွန်ဖြူအိတ် ၂၈ဝဝ (၈၄,ဝဝဝ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ် အာလူး ကျပ် ၃၅ဝဝ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅ဝဝ ဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူး ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၃၁ စီး (၁၈၆,ဝဝဝ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၇ စီး (၁၆၂,ဝဝဝ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄ စီး (၂၄,ဝဝဝ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## စတော်ဘယ်ရီဈေးကွက်



မန္တလေးဈေးကွက်အတွင်းသို့ ပြင်ဦးလွင်ဒေသထွက်ကုန်တစ်ခု ဖြစ်သည့် စတော်ဘယ်ရီသီးများ ဝင်ရောက်လျက်ရှိသည်။ စတော်ဘယ်ရီ သီးနှံသည် ပြင်ဦးလွင်ဒေသရဲ့အဓိကစိုက်ပျိုးထုတ်လုပ်သည့် သီးနှံတစ်မျိုး ဖြစ်ပြီး ဒေသမျိုး(အလုံးသေး)မှာ ချဉ်သည့်အရသာရှိပြီး ထိုင်ဝမ်မျိုး (လုံးကြီး)မှာ ကြွပ်သီးအချိုနှင့်အချဉ်သီးဟူ၍နှစ်မျိုးရှိသည်။

မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းဈေးကွက်အနေနှင့် ဒေသသီးလုံး သေးဝါးခြင်း (၁)ခြင်းလျှင် ၁၅ဝဝ - ၂ဝဝဝ ကျပ်၊ ထိုင်ဝမ်(အချဉ်သီး) ၁ပိသာလျှင် ၁ဝ,ဝဝဝ- ၁၂,ဝဝဝ ကျပ်၊ ထိုင်ဝမ်(အကြွပ် သီး)၁ပိသာလျှင် ၁၅ဝဝဝ - ၁၈,ဝဝဝ ကျပ်ရောင်းဝယ်မှုရှိပြီး စားသုံးသူများအနေနှင့်ဒေသမျိုးလုံးသေးကို ဖျော်ရည်လုပ်၍ စားသုံး မှုကိုကြိုက်နှစ်သက်ကြပြီး ထိုင်ဝမ်သီး(အကြွပ်သီး)ကို အလုံးလိုက်စားသုံးရသည်ကို ကြိုက်နှစ်သက်ကြသည်။ အအေးဆိုင်များ အနေနှင့် စတော်ဘယ်ရီဖျော်ရည်ကို ထိုင်ဝမ်သီး (အချဉ်သီး)၊ ဒေသသီးများနှင့် ရောဖျော်၍ ရောင်းချမှုရှိကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံမှ ကုန်ပစ္စည်းအချို့အပေါ် ထပ်ဆောင်းအခွန်စည်းကြပ်

တရုတ်နိုင်ငံသည် အမေရိကန်မှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ်ထပ်ဆောင်းအခွန် ၁ဝ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း အထိ တိုးမြှင့်စည်းကြပ်မည်ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီ၏အကောက်ခွန်ကော်မရှင်က ၄-၃-၂ဝ၂၅ ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

Fentanyl နှင့်ပတ်သက်၍ စိုးရိမ်သဖြင့်တရုတ်နိုင်ငံမှပို့ကုန်အားလုံးအပေါ်ထပ်ဆောင်းအခွန်၁ဝ ရာခိုင်နှုန်း တိုးမြှင့်ကောက် ခံမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ၃-၃-၂ဝ၂၅ ရက်နေ့တွင် ကြေညာခဲ့ပြီးနောက် တရုတ်ဘက်မှ ယခုကဲ့သို့ ဆုံးဖြတ်ချက်

ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ကောင်စီ၊ အကောက်ခွန်ကော်မရှင်၏ ကြေညာချက်အရ တရုတ်နိုင်ငံသည် အမေရိကန်မှ ကြက်သား၊ ဂျုံ၊ ပြောင်းနှင့်ဝါဂွမ်း တင်သွင်းမှုအပေါ် မတ်လ ၁၀ ရက် နေ့မှစ၍ ထပ်ဆောင်းအခွန် ၁၅ ရာခိုင်နှုန်း စည်းကြပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်မှ sorghum၊ ပဲပုပ်၊ ဝက်သား၊ အမဲသား၊ ပင်လယ်စာ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် နို့ထွက်ပစ္စည်းများကို ထပ်ဆောင်းအခွန် ၁၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်းလည်း သိရသည်။


အမေရိကန်နိုင်ငံမှ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်မတိုင်မီ ထွက်ခွာခဲ့သည့် ကုန်ပစ္စည်းများနှင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့အတွင်း တင်သွင်းသည့် အမေရိကန်ကုန်ပစ္စည်းများသည် အထက်ပါကြေညာချက်အရ သတ်မှတ်ထားသည့်ထပ်ဆောင်းအခွန်များပေးဆောင်ရမည်မဟုတ်သေးကြောင်း ကော်မရှင်က ရှင်းလင်းပြောကြားခဲ့သည်ဟု သိရသည်။

**Source:** https://www.chinadaily.com.cn/a/202503/04/WS67c6a059a310c240449d8803.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/

## ပြည်တွင်းပြည်ပလုပ်ငန်းပေါင်း ၁၀၀ ကျော်ကို ဆွဲဆောင်နိုင်ခဲ့သည့် Vietship 2025



၁၀ ကြိမ်မြောက် နိုင်ငံတကာသင်္ဘောတည်ဆောက်ခြင်းနှင့်ကမ်းလွန်နည်းပညာပြပွဲ Vietship 2025 ကို မတ်လ ၅ ရက်နေ့ကဗီယက်နမ်နိုင်ငံဟနွိုင်းမြို့ရှိအမျိုးသားကွန်ဖရင့်စင်တာတွင်ကျင်းပပြုလုပ်ခဲ့သည်။

သုံးရက်ကြာကျင်းပပြုလုပ်သည့် ထိုပွဲတွင် ပြည်တွင်းနှင့်ပြည်ပမှ လုပ်ငန်း ၁၀၃ ခုက ပြခန်း ၂၀၀ ကျော်ဖွင့်လှစ်၍ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

သင်္ဘောတည်ဆောက်ခြင်းနှင့်ကမ်းလွန်နည်းပညာကို ရည်ရွယ်သည့် ထိုပြပွဲတွင် နော်ဝေ၊ နယ်သာလန်၊ တရုတ်၊ ဖင်လန်၊ တောင်ကိုရီးယားနှင့် စင်ကာပူတို့မှ ကုမ္ပဏီကြီး များ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။


ပြသသူများသည် သင်္ဘောတည်ဆောက်ခြင်းနှင့်ပြင်ဆင်ခြင်း၊ ကမ်းလွန်ရေနံနှင့်ဂတ်စ်ထုတ်ယူသည့် နည်းပညာများနှင့် တပ်ဆင်ပစ္စည်းများကို အသားပေးပြသခဲ့ကြောင်း သိရသည်။ ထိုပြပွဲသည် အနာဂတ်သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းအပေါ် အလုပ်ရုံဆွေးနွေးပွဲများ၊ သဘာပတ်ဝန်းကျင်နှင့်သင့်လျော်သည့်သင်္ဘောများနှင့် နောက်ဆုံးပေါ်ကမ္ဘာ့သင်္ဘောတည်ဆောက်သည့်နည်းပညာများအပေါ် အမြင်များပါဝင်သည့် များစွာသောချိတ်ဆက်မှုအခွင့်အလမ်းများကို ဖန်တီးခဲ့ကြောင်း သိရသည်။

ထိုပြပွဲတွင် အမေရိကန်ဒေါ်လာ သန်း ၆၀ ပတ်လည်တန်ဖိုးရှိသော အဓိကပူးပေါင်း ဆောင်ရွက်မှုသဘောတူညီချက်များနှင့် စာချုပ်သစ်များရရှိရန် မျှော်လင့်ရကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## Apple သည် M3 ချစ်ပ်ပါသော iPad Air အသစ်ကိုမိတ်ဆက်ခဲ့



Apple သည် M3 ချစ်ပ်ထည့်သွင်းပြုလုပ်ထားသော ၁၁ လက်မနှင့် ၁၃ လက်မ အရွယ်နှစ်မျိုးရှိသော iPad Air မော်ဒယ်သစ်များကို ဖေဖော်ဝါရီလ ၄ ရက်နေ့က မိတ်ဆက်ခဲ့သည်။

iPad Air အသစ် သည် Apple Intelligence ကို ပံ့ပိုးပေးပြီး M3 ချစ်ပ်အသုံးပြုထားသည့် iPad Air သည် M1 ချစ်ပ် အသုံးပြုထားသည့် iPad Air နှင့် နှိုင်းယှဉ်ပါက ၂ ဆနီးပါး ပိုမြန်ပြီး A14 Bionic ရှိသော iPad Air ထက် 3 ဒသမ 5 ဆ ပိုမြန်သည်ဟု Apple မှ ပြောကြားခဲ့သည်။

ထို့ပြင် Apple မှ M3 ရှိ Neural Engine သည် M1 နှင့် နှိုင်းယှဉ်ပါက AI-based workloads အတွက် ၆၀ ရာခိုင်နှုန်းအထိ ပိုမြန်သည်ဟုဆိုသည်။ ကုမ္ပဏီသည် iPad ကို သိုလှောင်မှုနှစ်ဆနှင့် A16 ချစ်ပ်ဖြင့် အဆင့်မြှင့်တင်ထားကြောင်းလည်း ကုမ္ပဏီက မှတ်ချက်ပြုခဲ့သည်။ A16 ပါသော iPad အသစ်သည် ယခင်မျိုးဆက်ထက် ၃၀ ရာခိုင်နှုန်းနီးပါး ပိုမြန်သည်။ ၁၁ လက်မ မော်ဒယ်အတွက် အမေရိကန် ဒေါ်လာ ၅၉၉ နှင့် ၁၃ လက်မ မော်ဒယ်အတွက် ၇၉၉ ဒေါ်လာ ၊ 128GB၊ 256GB၊ 512GB နှင့် 1TB အမျိုးအစားများ ပါဝင်သည်။ iPad Air အသစ်ကို အင်္ဂါနေ့မှစတင်၍ ကြိုတင်မှာယူနိုင်မည်ဖြစ်ပြီး မတ်လ ၁၂ ရက်နေ့တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (11.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Mar. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,358 (Shares) | 3,032,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 50 | 360,000 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 205 | 615,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 18 | 140,400 | 10,400,986 | 81,128 |
| FPB | 00004 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,750 | 324 | 567,000 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,550 | 661 | 1,030,100 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 0 | 0 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 100 | 320,000 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 11th Mar. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.81 | -0.79 | -0.22% | 357.81 | 357.81 | 357.28 | 1,358 | 3,032,500 | 8 | 674,895 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Mar. 2025

| Trading Volume | Trading Value |
|---|---|
| 677 (Shares) | 3,397,400 (MMK) |

### Main Board

As of 1:00 pm, 10th Mar. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 677 (Shares) | 3,397,400 (MMK) |

| MYANPIX | 358.60 ▲ 2.31 |
|---|---|
| Total Volume (shares) | 677 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,378 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |

TIR